**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ် (၂/၂၀၂၀)**

၁၃၈၁ ခု တန်ခူးလဆန်း ၁၄ ရက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်

**လတ်တလောပြင်းထန်အဆုတ်ရောင်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Corona Virus Disease 2019 ဖြစ်ပွားစဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများလိုက်နာဆောင်ရွက်ရန် အချက်များနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များထုတ်ပြန်ခြင်း**

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဥပဒေပုဒ်မ ၆၈ (ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြန်မာနိုင်ငံတွင် လတ်တလောပြင်းထန်အဆုတ်ရောင် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ Corona Virus Disease 2019 ဖြစ်ပွားစဉ်ကာလအတွင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီး ဌာနတို့မှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တစ်ပြေးညီ သိရှိလိုက်နာကျင့်သုံးရန်အတွက် ဤ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာအနှံ့ဖြစ်ပွားနေသောလတ်တလောပြင်းထန်အဆုတ်ရောင် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါ Corona Virus Disease 2019 ကို ကမ္ဘာ့ကပ်ရောဂါ Pandemic အဖြစ် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် WHO က သတ်မှတ်ခဲ့ပါသည်။

၃။ နိုင်ငံတော်အစိုးရမှလည်း လတ်တလောပြင်းထန်အဆုတ်ရောင် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါ Corona Virus Disease 2019 တားဆီးကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းစဉ် များအား ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကဦးဆောင်ပြီး ပြည်ထောင်စု နယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော ပြင်းထန်အဆုတ်ရောင် အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ Corona Virus Disease 2019 တားဆီးထိန်းချုပ် ကုသရေးနှင့် သက်ဆိုင် သောလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ

ထုတ်ပြန်အသိပေးလျက် ရှိသကဲ့သို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကလည်း ဒေသန္တရ အမိန့်များ ထုတ်ပြန်လျက် လတ်တလော ပြင်းထန်အဆုတ်ရောင် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ Corona Virus Disease 2019 (Covid-19) တားဆီးကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝင်ငွေနည်း ပြည်သူများနှင့် MSME များအတွက် တရားဝင်ငွေကြေးဝန်ဆောင်မှုပေးရန် ရည်ရွယ်ချက်ဖြင့် အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း ၁၉၃ ဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခု၊ မြို့နယ် (၂၅၂)မြို့နယ်၊ ရပ်ကွက် (၂,၄၅၉)ရပ်ကွက်နှင့် ကျေးရွာ (၃၀,၁၁၆) ရွာတွင် အသင်းသားဦးရေ ၄.၆ သန်းခန့်အား ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်း၏ သဘောသဘာဝသည် ချေးငွေထုတ်ချေးခြင်း၊ ချေးငွေ ပြန်လည် ကောက်ခံခြင်း၊ စုဆောင်းငွေ လက်ခံခြင်း၊ အသင်းဝင်လက်ခံခြင်းနှင့် ငွေကြေးအသိပညာ ပေးခြင်း လုပ်ငန်းများအတွက် အသင်းဝင်များ မကြာခဏ စုဝေးဆောင်ရွက်ရသဖြင့် Covid-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကွဲလွဲနေကြောင်းတွေ့ရပါသည်။

၆။ သို့ဖြစ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသောအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း များ သည် အောက်ပါအချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) Covid-19 ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် ဖွဲ့စည်းထားသော ကော်မတီ အဆင့်ဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာရန်၊

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော Covid-19 တားဆီး ကာကွယ် ထိန်းချုပ်ရေးနှင့်သက်ဆိုင်သော အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းစဉ်များအား တိကျစွာလိုက်နာဆောင်ရွက်ရန်၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က သတ်မှတ်သော Covid-19 တားဆီးကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ် တားဆီးမိန့်များကို လိုက်နာဆောင်ရွက်ရန်၊

(ဃ) လူစုလူဝေးဖြင့် ချေးငွေထုတ်ချေးခြင်း၊ ချေးငွေကောက်ခံခြင်း၊ စုငွေလက်ခံခြင်း၊ အသင်းဝင် လက်ခံခြင်း၊ ငွေကြေးအသိပညာပေးခြင်းလုပ်ငန်းစဉ်များအားလုံးကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ လုပ်ဆောင်ခြင်းမပြုပဲ ခေတ္တ ဆိုင်းငံ့ထားရန်၊

(င) လုပ်ငန်းခေတ္တဆိုင်းငံ့ထားစဉ်ကာလအတွင်း အသင်းသားများမှ အရေးပေါ်ချေးငွေလိုအပ်မှု၊ စုဆောင်းငွေများပြန်လည်ထုတ်ယူမှု၊ ဆန္ဒအလျောက်ချေးငွေပြန်လည်ပေးဆပ်မှုနှင့် အခြားအရေးပေါ် တုန့်ပြန်ဆောင်ရွက်ရန်လိုအပ်သော ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော Covid-19 တားဆီးကာကွယ် ထိန်းချုပ်ရေး ညွှန်ကြားချက်များ၊ ခွင့်ပြုသော နည်းလမ်းများနှင့်အညီ အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများ၏ ရုံးခွဲများကို ဝန်ထမ်းအင်အား ၅ ယောက် ထက်မပိုသော အရေအတွက်ဖြင့် ဖွင့်လှစ်၍ ဝန်ဆောင်မှုများ ဆောင်ရွက်ရန်၊

(စ) Covid-19 ရောဂါဖြစ်ပွားမှုအကျိုးဆက်ကြောင့် အသင်းဝင်များ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများ ကျဆင်းနိုင်သည့် ကာလအတွင်း အသင်းဝင်များထံမှ ချေးငွေနှင့်အတိုးများ အတင်းအကျပ်ပြန်လည် ကောက်ခံခြင်းမပြုဘဲ ပေးဆပ်ရမည့်အချိန်ကို အသင်းသားများနှင့် ညှိနှိုင်း၍ ကောက်ခံရန်၊

(ဆ) Covid-19 ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် ဆေးဝါး ပစ္စည်းကိရိယာများ လှူဒါန်းခြင်း၊ ရန်ပုံငွေလှူဒါန်းခြင်းများ တတ်နိုင်သမျှ ဆောင်ရွက်ပေးရန်။

၇။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် Covid-19 ရောဂါ ဖြစ်ပွားစဉ် ကာလအတွင်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ အောက်ပါလုပ်ငန်းစဉ်များကို ခေတ္တဆိုင်းငံ့ထားမည်ဖြစ်သည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း၊ အမြဲတမ်း လိုင်စင်ထုတ်ပေးခြင်းအပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း အဖြစ်ခွင့်ပြုခြင်း၊

(ခ) လုပ်ငန်းနယ်မြေ တိုးချဲ့ခြင်း၊ ရုံးခွဲသစ် ဖွင့်လှစ်ခြင်း၊ ရုံးခွဲလိပ်စာ ပြောင်းလဲခြင်း၊ ရုံးချုပ်လိပ်စာပြောင်းလဲခြင်း၊

(ဂ) ငွေကြေးဝန်ဆောင်မှုအသစ်များခွင့်ပြုခြင်း၊

(ဃ) အစုရှယ်ယာရှင်ပြောင်းလဲခြင်း၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များပြောင်းလဲခြင်း၊

၈။ အထက်ပါ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကာလအတွင်း အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ချေးငွေရယူခြင်းနှင့် မတည်ငွေရင်း တိုးမြှင့်ခြင်းတို့ကိုသာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်မည်ဖြစ်သည်။

၉။ ကြီးကြပ်မှုကော်မတီသည် Covid-19 ရောဂါဖြစ်ပွားမှုအခြေအနေ၊ ကြာမြင့်နိုင်သည့်အချိန်ကာလ၊ အသင်းဝင်များ၏ လူမှုစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုနှင့် ခံနိုင်ရည်၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရေရှည်ရပ်တည်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုတို့ကို စိစစ် သုံးသပ်၍ Covid-19 ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးကော်မတီများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည့် ညွှန်ကြားချက်များကို အချိန်နှင့် တစ်ပြေးညီ သတ်မှတ်ထုတ်ပြန်မည်ဖြစ်ပါသည်။

၁၀။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် Covid-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကွင်းဆင်းကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ပြီး ရုံးချုပ်မှ ကြီးကြပ်ကွပ်ကဲခြင်းအတွက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ လစဉ်ပုံမှန်ပေးပို့ရမည့် အစီရင်ခံစာများကို သတ်မှတ် ရက် အရောက် မပျက်မကွက် ပေးပို့တင်ပြရမည်။

၁၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် Covid-19 ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးတာဝန်ခံအရာရှိတစ်ဦး ထားရှိပြီး အချိန်မရွေး ဆက်သွယ်နိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်။

၁၂။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် ကြီးကြပ်မှုကော်မတီနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ နောက်ထပ်ညွှန်ကြားချက်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုမီ ဤညွှန်ကြားချက်ပါအကြောင်းအရာများကို မပျက်မကွက် လိုက်နာဆောင်ရွက်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ စီမံခန့်ခွဲမှုနည်းလမ်းနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

စိုးဝင်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက- ၁/၆ ( ၃၀၅ / ၂၀၂၀ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်

ဖြန့်ဝေခြင်း

-စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
-အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု
ကော်မတီဝင်များအားလုံး
-ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊
ပြည်နယ်အသေးစားငွေရေးကြေးရေးလုပ်ငန်း
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများအားလုံး

Covid-19 ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရန် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

-ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်
ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှူးအားလုံး
-မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်း
-အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၈၊၄၊၂၀၂၀

(ဇော်နိုင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ